စီမံရေးရာဌာနခွဲ
စာတိုက်တင်
နေ့စွဲ
အချိန်
လက်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**ဝန်ကြီးရုံး**

နေပြည်တော်

စာအမှတ်၊
ရက်စွဲ၊
သတ္တုတွင်းဝန်ကြီးဌာန(ဝန်ကြီးရုံး)

**အမိန့်ကြော်ငြာစာအမှတ် ( ၄၅ / ၂၀၁၄ )**

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၁၆ ရက် )

သတ္တုတွင်းဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျောက်စိမ်းအရိုင်းများကို တရားမဝင် သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းနှင့် ပြည်ပသို့ ထုတ်ဆောင်ခြင်းများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် အလို့ငှာ နိုင်ငံတော်သမ္မတရုံး၏ (၇.၅.၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ၂၂ (ခ) / ၇ / သမ္မတရုံးဖြင့် ခွင့်ပြုချက်အရ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၅၄၊ ပုဒ်မခွဲ(ခ)နှင့် မြန်မာ့ကျောက်မျက် ရတနာ နည်းဥပဒေ ၅၆ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန် လိုက်သည်။

**ကျောက်စိမ်းအရိုင်းများကို စည်းကမ်းချက်နှင့်အညီ**

**သယ်ယူပို့ဆောင်ခွင့်ရှိသည့် ဒေသသတ်မှတ်ခြင်း**

၁။ နိုင်ငံတော်အတွက် ကျောက်မျက်ရတနာ အချောထည် လုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်ရေးနှင့် ကချင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ နှင့် နည်းဥပဒေများနှင့်အညီ တန်ဖိုးဖြတ်အဖွဲ့တွင် မှတ်ပုံတင်၍ ရတနာခွန် ပေးဆောင်ပြီးသော (စီ၊ ဒီ) အဆင့်ရှိ ကျောက်စိမ်းအရိုင်းများကို မြစ်ကြီးနားမြို့သို့ သယ်ဆောင်ခွင့်ပြုလိုက်သည်။

၂။ မြစ်ကြီးနားမြို့သို့ (စီ၊ ဒီ) အဆင့်ရှိ ကျောက်စိမ်းအရိုင်းများ သယ်ဆောင်ခွင့်ပြုရာတွင် အောက်ပါတို့ကို သတ်မှတ်ဖော်ပြပေးရမည်-

(က) သယ်ဆောင်သည့် ကုမ္ပဏီ/အသင်း၊

(ခ) သယ်ဆောင်သည့် ကျောက်စိမ်းအရိုင်း အရေအတွက်၊ အရည်အသွေး၊ အလေးချိန်နှင့် အသေးစိတ် စာရင်း၊

(ဂ) ရတနာခွန်ပေးဆောင်ခဲ့သည့် စာရွက်စာတမ်း အထောက်အထားများ၊

(ဃ) သယ်ဆောင်သူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ တာဝန်နှင့် နေရပ်လိပ်စာ၊

(င) သယ်ဆောင်သည့် ယာဉ်အမျိုးအစား၊ ယာဉ်အမှတ်နှင့် တင်ဆောင်သည့် ကျောက်စိမ်းအရိုင်းများ၏ ထုပ်ပိုးပုံစာရင်း၊

(စ) သယ်ယူလိုသည့်မြို့နှင့် သယ်ယူရာတွင် ဖြတ်သန်းသည့် မြို့/ဒေသ၊ လမ်းကြောင်း။

၃။ မည်သူမဆို အပိုဒ်(၃)အရ သတ်မှတ်ဖော်ပြချက်ကို အကြောင်းတစ်စုံတစ်ရာကြောင့် ပြင်ဆင်ပြောင်းလဲလိုပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ကွပ်ကဲမှုအောက်ရှိ သက်ဆိုင်ရာ နယ်တူးဖော်ရေး ရုံးခွဲများ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၄။ ရတနာခွန် ပေးဆောင်ပြီးသော (စီ၊ ဒီ) အဆင့်ရှိ ကျောက်စိမ်းအရိုင်းများကို မြစ်ကြီးနားမြို့သို့ သယ်ယူပို့ဆောင်ရာတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ကွပ်ကဲမှုအောက်ရှိ နယ်တူးဖော်ရေး ရုံးခွဲများက ထုတ်ပေးသည့် ခွင့်ပြုချက်နှင့် အခြားလိုအပ်သော အထောက်အထား စာရွက်စာတမ်းမူရင်းများ တစ်ပါတည်း ပါရှိရမည်။

၅။ မည်သူမဆို ဤအမိန့်ကြော်ငြာစာပါ သတ်မှတ်ချက်များနှင့် မညီညွတ်သဲ ကျောက်စိမ်းအရိုင်းများကို သယ်ယူပို့ဆောင်ခြင်း၊ တရားမဝင် လက်ဝယ်ထားခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုပါက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ ထိရောက်စွာ အရေးယူခြင်းခံရမည်။

ဒေါက်တာမြင့်အောင်
ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

စာအမှတ်၊ ၁၀ ခွဲ (၁) ၁၄ ( ၄၉၈၀ )
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မေလ ၁၆ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး ( )

DAOrder.doc

ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ကချင်ပြည်နယ်အစိုးရအဖွဲ့
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

| | |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန်<br>မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

အမိန့်အရ

16/5/14

(မင်းမင်းဦး)
ရုံးအဖွဲ့မှူး
သတ္တုတွင်းဝန်ကြီးဌာန